# မီးခြစ်ရောင်းတဲ့ကလေးမလေး

*ဘာသာပြန်သူ ရဲဘော်စိန်ထွန်း*

ရာသီဥတုက သိပ်အေးလှတယ်။ နှင်းတွေကလည်း ကျလို့။ မှောင်တော့မယ်။ နှစ်တနှစ်ကုန်ဆုံးတော့မဲ့ နောက်ဆုံးနေ့။ နှစ်သစ်ကူးအကြိုညပေါ့။ အေးကလည်းအေး၊ မှောင်ကလည်းမှောင်နေတဲ့ အဲဒီညမှာ ခေါင်းပေါ်မှာလည်း ဘာမှ အဆောင်းမပါ။ ခြေထောက်မှာလည်း ဖိနပ်မပါ ခြေပလာနဲ့ ကလေးမလေး တဦးဟာ လမ်းမကြီးအတိုင်း လျှောက်နေတယ်။ သူ့အိမ်က ထွက်လာတုံးကတော့ ရှေ့ထိုးဖိနပ်တရံကို စီးလာခဲ့ပါရဲ့။ ဒါပေမဲ့ ဘယ်လိုမှ အသုံးမတည့်တော့ပါဘူး။ ဖိနပ်က တလျှောက်လုံး သူ့အမေစီးလာခဲ့တဲ့ ဖိနပ်တဲ့။ အဲဒီဖိနပ်က မတန်တဆကြီးနေတာကိုး။ သူလမ်းကို ဖြတ်နေတုန်း မြင်းလှည်းနှစ်စီး ဒုန်းစိုင်းလာတော့ လန့်ဖျပ်ပြီး ဒီဖိနပ်ကို ပစ်ထားခဲ့ရတယ်။ ဖိနပ်တဘက်က ဘယ်လိုမှ ရှာမရတော့ဘူး။ နောက်တဖက်ကတော့ ကောင်ကလေး တယောက်ကောက်ယူသွားတယ်တဲ့။ သူက နောင် သူကလေးရလာရင် အဲဒါကို ပုခက်လုပ်မယ်လို့တောင် ပြောသွားလိုက်သေးသတဲ့။

ကလေးမလေးဟာ ဖိနပ်မပါ ခြေပလာနဲ့ အကြာကြီးလျှောက်လာရတော့ သူ့ခြေထောက်အစုံဟာ တဖက်ကနီရဲနေပြီး တဖက်က ညိုမဲနေပါပြီ။ သူ့ရဲ့ဟောင်းနွမ်းတဲ့ ခါးစည်းရှေ့ဖုန်းအိတ်ထဲမှာလည်း မီးခြစ်တွေအများကြီး။ လက်ထဲမှာလည်း မီးခြစ်အစည်းကို ကိုင်ထားသေးတယ်။ အဲဒီနေ့က တနေ့လုံး မီးခြစ်ဆံလေးတချောင်းလောက်တောင်မှ ယောင်လို့ဝယ်မဲ့သူ ဘယ်သူမှ မရှိလေတော့ ငွေလည်း တပြားတချပ်မှ မရပါဘူး။

သနားစရာကောင်းလိုက်တဲ့ ကလေးမ။ သူ့ခမှာ အေးကလည်းအေး၊ ဆာကလည်းဆာလှပြီပေါ့။ သူဟာ တုန်တုန်ရီရီနဲ့ ရှေ့ကို ဆက်လျှောက်နေတယ်။ နှင်းပွင့်ကလေးတွေဟာ သူရဲ့ ရှည်လျားလှတဲ့ ရွှေဝါရောင်ဆံပင်လေး တွေအပေါ် တွဲလွဲခိုလို့။ ဆံပင်လေးတွေကလည်း လိပ်ခွေနေပြီး ဂုတ်ပေါ်ကို ဝဲကျနေတော့ မြင်ရသူအဖို့ ရှုမငြီးဖြစ်နေတယ်။ ဒါပေမဲ့ သူကတော့ ဒါတွေကို ဂရုမစိုက်အားပါဘူး။ အိမ်တိုင်းရဲ့ ပြတင်းပေါက်တွေကနေ လျှပ်စစ်မီး ရောင်တွေ ဖိတ်လျှံကျလာနေတယ်။ ဘဲငန်းကင် ရနံ့မွှေးမွှေးကလည်း လမ်းပေါ်ကို ပျံ့လွင့်လာနေပြီပေါ့။ ဒီလိုအကြောင်းတွေကြောင့် ဒီနှစ်သစ်ကူး အကြိုညကို မမေ့နိုင်တော့ပါဘူး။

သူဟာ အိမ်တဆောင်ရဲ့ နံရံထောင့်စွန်းမှာ ထိုင်ချလိုက်ပြီး ခြေထောက်တွေကို ခပ်ကျုံ့ကျုံ့ ကွေးထားလိုက်တယ်။ ပိုအေးလာတယ်လို့လည်း သူခံစားနေမိတယ်။ သူ့အိမ်ကိုလည်း မပြန်ရဲသေးပါဘူး။ မီးခြစ်ဆံ တချောင်းမှ ရောင်းမထွက်တော့ ငွေကလည်း တပြားတချပ်ကလေးမှ မရပါဘူး။ ငွေမပါဘဲနဲ့ အိမ်ပြန်လာရင် ဖေဖေက ရိုက်တတ်ပါတယ်။ အိမ်မှာနေလို့လည်း ဘာမှ မထူးပါဘူး။ လမ်းပေါ်မှာ လိုပါပဲ။ အတူတူအေးနေမှာပါ။ ခေါင်းပေါ်မှာ လည်း အိမ်ခေါင်မိုးကြီးတော့ ရှိပါရဲ့။ အက်ကြောင်းကြီးတွေကို မြက်တွေ၊အဝတ်စုပ်တွေနဲ့ ပိတ်ဆို့ထားပေမဲ့ လေကတော့ တိုးဝှေ့နေဆဲပေါ့။

သူရဲ့ လက်နှစ်ဖက်စလုံးဟာလည်း အေးခဲလုမတတ်ပါပဲ။ ဘယ်လောက်သေးတဲ့ မီးခြစ်ဆံပဲ ဖြစ်ပါစေ သူ့အတွက်တော့ အကျိုးရှိနိုင်မှာပါ။ သူဟာ မီးခြစ်စည်းထဲက မီးခြစ်ဆံ တချောင်းလောက် ဆွဲထုတ်၊ မီးခြစ်ပြီး ကိုယ့်လက်တွေကို နွေးသွားအောင် လုပ်လိုက်ရမလား။ နောက်ဆုံးတော့ သူဟာ မီးခြစ်ဆံတဆံကို ဆွဲထုတ်လိုက်တယ်။ ရှဲကနဲနေအောင် မီးခြစ်လိုက်တာနဲ့ မီးခြစ်ဆံကလေးက မီးတောက်လာတယ်။ မီးတောက်ကလေးကလည်း ထွက်လာပါပြီ။ မီးတောက်ပေါ်မှာ လက်ကလေးကို ကပ်ထားမိတယ်။ ဘယ်လောက်များ

နွေးလို့၊ ဘယ်လောက်များ လင်းတဲ့ မီးတောက်ပါလဲ။ ဖယောင်းတိုင် သေးသေးလေးတချောင်းလောက်ပဲ နေမှာပါ။ ဒါဟာ အံ့သြဖွယ်ကောင်းတဲ့ မီးရောင်လေးတခုပေါ့။ ကလေးမလေးကတော့ ကိုယ့်ကိုကိုယ် မီးဖိုကြီးဘေးမှာ ထိုင်နေရသလို ခံစားနေရသတဲ့။ မီးဖိုကလည်း တလက်လက်ထနေတဲ့ ကြေးခြေထောက်တွေ၊ ကြေးလက်ကိုင်တွေ တပ်ဆင်ထားတယ်တဲ့။ မီးဖိုကလည်း မီးအားကောင်းကောင်းနဲ့တောက်နေလို့ နွေးနွေးထွေးထွေးရှိပြီး တကယ်ကို ဇိမ်ကျနေတယ်။ အို---ဘယ်လိုဖြစ်သွားပါလိမ့်။ သူဟာခြေထောက်ကိုဆန့်လိုက်တယ်။ ခြေထောက်ကိုနွေးအောင် လုပ်မလို့ စဉ်းစားတုန်းရှိသေးတယ်။ မီးခြစ်ဆံဟာ မီးငြိမ်းသွားတယ်။ မီးဖိုဆိုတာလည်း မတွေ့ရတော့ပါဘူး။ သူဟာ အဲဒီနေရာမှာ ထိုင်မြဲထိုင်နေတယ်။ လက်ထဲမှာလည်း မီးခြစ်ပြီးသား မီးခြစ်ဆံတဆံကို ကိုင်လျှက်ပါ။

သူဟာ မီးခြစ်ဆံတဆံနဲ့ ထပ်ပြီး မီးခြစ်လိုက်တယ်။ မီးတောက်လာပြန်ပါပြီ။ အလင်းရောင်လည်း ပြန်ပေါ်လာတယ်။ နံရံပေါ်မှာလည်း လင်းနေတယ်။ ရုတ်တရက် အဲဒီနေရာဟာ ဇာပုဝါပါးပါးလေးအဖြစ် ပြောင်းသွားပြီး အတွင်းကို ထိုးဖေါက်မြင်နေတယ်။ အခန်းအတွင်းကို တိုးလျှိုးပေါက် မြင်နေရတာပါ။ စားပွဲကိုလည်း နှင်းလိုဖြူဆွတ်နေတဲ့ စားပွဲခင်း ခင်းထားတယ်။ စားပွဲပေါ်မှာ သေသပ်လှပလှတဲ့ ပန်းကန်ခွက်ရောက်များကို တင်ထားပါတယ်။ ဗိုက်ထဲမှာတော့ ပန်းသီးတွေနဲ့ ပြည့်နေပြီး တရုတ်ဆီးသီး၊ ဘဲငန်းကင်ရနံ့ကလည်း သင်းလို့ပျံ့လို့။ ပိုစတိုင်ကျတာ ကတော့ ပန်းကန်ထဲက ဘဲငန်းကင်ဟာ ကျောမှာ ဒါးတွေ၊ခက်ရင်းတွေ ထိုးစိုက်ပြီး ခုန်ချလာနေခြင်းပါပဲ။ ဘဲငန်းကင်ဟာ ကြမ်းပြင်ပေါ်မှာ လှုပ်လီလှုပ်လဲ့နဲ့ ဆင်းရဲလှတဲ့ ကလေးမလေးဆီကို တန်းတန်းမတ်မတ် လျှောက်လာနေပါတယ်။ အဲဒီအချိန်မှာ မီးခြစ်ဆံလေးဟာ ငြိမ်းသွားပါရော။ သူ့ရဲ့ရှေ့မှာ အေးစက်နေတဲ့ နံရံထုထူကြီး တခုက ပိတ်ဆို့နေပြန်ပါပြီ။

သူဟာ မီးခြစ်ဆံတဆံကို ထပ်ခြစ်လိုက်တယ်။ ဒီတကြိမ်မှာတော့ သူဟာ လှပတဲ့ ခရစ်စမတ်သစ်ပင်အောက်မှာ ထိုင်နေရှာသတဲ့။ ဒီခရစ်စမတ်သစ်ပင်ဟာ မနှစ်က ခရစ်စမတ်ပွဲတုန်းက ချမ်းသာကြွယ်ဝတဲ့ ကုန်သည်ကြီးတဦးရဲ့အိမ် မှန်ပြတင်းက လှမ်းမြင်လိုက်ရတဲ့ ခရစ်စမတ်သစ်ပင်ထက် ပိုကြီးပိုလှတယ်လို့တောင် ထင်မိတယ်။ စိမ်းညို့နေတဲ့ သစ်ကိုင်းများပေါ်မှာ ဖယောင်းတိုင်မီး သုံးလေးထောင်လောက်ဟာ တလက်လက်နဲ့ ယိမ်းခါနေတယ်။ လှပတဲ့ ရောင်စုံပန်းချီကား အမြောက်အများချိတ်ဆွဲထားတဲ့ ကုန်စုံဆိုင်က မှန်ဘီရိုတွေ အလား မြင်ရသူအဖို့ မျက်စိတွေတောင် ကျိန်းနေတော့တယ်။ ကလေးမလေးဟာ ပန်းချီကားတချပ်ကို လှမ်းကိုင်ကြည့်လိုက်တယ်။ အဲဒီ အခိုက်အတန့် ကလေးမှာပဲ မီးခြစ်ဆံဟာ ငြိမ်းသွားပြန်တယ်။ ခရစ်စမတ်သစ်ပင်ထက်က ဖယောင်းတိုင် မီးတွေဟာ ပိုမြင့်မြင့် တက်သွားတယ်။ နောက်ဆုံးမှာ မိုးကောင်းကင်ပေါ်က တလက်လက်နဲ့ ကြယ်ပွင့်ကလေးတွေ ဖြစ်သွားတော့ တယ်။ ရုတ်တရက် ကြယ်ပွင့်လေးတပွင့် ကြွေကျလာပြီး မိုးကောင်းကင်မှာ ရှည်လျှားလှတဲ့ အနီရောင်အလင်းတန်း သေးသေးလေးတခု ပေါ်လာတယ်။ “တယောက်ယောက်တော့ သေတော့မယ်”“ကြယ်ပွင့်တပွင့် ကြွေကျလာပြီဆိုရင် ဝိဉာဉ်တခုဟာ ထာဝရဘုရားသခင်ထံသွားတော့မယ်”လို့ သူချစ်ရတဲ့ တဦးတည်းသော ဖွားဖွားအသက်ထင်ရှား ရှိနေစဉ်တုံးက ပြောခဲ့ဖူးတာလေးကို ကလေးမက ပြန်ပြောနေမိတယ်။

သူဟာနံရံထောင့်မှာ မီးခြစ်ဆံတဆံကို ထပ်ခြစ်လိုက်ပြန်တယ်။ ဒီတကြိမ်မှာတော့ မီးခြစ်ဆံမီးတောက်လေးက ပတ်ဝန်းကျင် တခုလုံးကို လင်းထိန်သွားစေတယ်။ အလင်းရောင်ထဲမှာ ဖွားဖွားက နူးညံ့သိမ်မွေ့ပြီး ယုယနေတာတွေ ပေါ်လာတယ်။

ကလေးမလေးက “ဖွားဖွားလို့ အော်ခေါ်လိုက်တော့တယ်” “ကျေးဇူးပြုပြီး ကျွန်မကို ခေါ်သွားပါလား”။ မီးခြစ်ဆံငြိမ်းသွားရင် “ဘွားဘွား”ကိုလည်း တွေ့ရတော့မှာ မဟုတ်ပါဘူး။ နွေးနွေးထွေးထွေးရှိလှတဲ့ မီးဖိုလို၊ အမွှေးနံ့တသင်းသင်းနဲ့ ဘဲငန်းကင်လို၊ လှပတဲ့ ခရစ်စမတ်သစ်ပင်တို့လိုဘဲ မြင်ရတော့မှာ မဟုတ်ပါဘူး။ ကျွန်မ သိပါတယ်။

*သူဟာ ဘွားဘွားပျောက်မသွားအောင် မီးခြစ်ဆံအစည်းကြီးကြီးတစည်းနဲ့ မီးခြစ်ကို အမြန်ခြစ်လိုက်တယ်။ မီးခြစ်ဆံအစည်းကြီးက မီးတောက်ပေါ်လာပြီး နေ့မင်းလို လင်းထိန်နေတယ်။ ဘွားဘွားဟာ ခုလို ရင့်ကျက်ပြီး လှလှပပ ဘယ်တုန်းကမှ မရှိခဲ့ဘူး။ ဘွားဘွားဟာ ကလေးမလေးကို ပွေ့ချီပြီး ရင်ခွင်ထဲမှာ ပိုက်ထားတယ်။ သူတို့နှစ်ယောက်ဟာ အလင်းရောင်နဲ့ ပျော်ရွှင်မှုများအလယ်မှာ လွင့်ပျံ့နေခဲ့တယ်။ ပျံလေ မြင့်---မြင့်သွားပြီး ၊ အအေးဒဏ်မရှိတဲ့၊ ဆာလောင်မွတ်သိပ်မှုမရှိတဲ့ ၊ ဆင်းရဲဒုက္ခတွေကင်းတဲ့ အရပ်သို့ ပျံသန်းရောက်ရှိသွားပါပြီ။။ ။*

*နောက်တနေ့ ရောက်တော့လည်း အဲဒီကလေးမလေးဟာ နံရံထောင့်မှာ ထိုင်မြဲထိုင်လျှက်။*
*ပါးပြင်နှစ်ဖက်ဟာ နီရဲနေပြီး နှုတ်ခမ်းနှစ်လွှာကတော့ ပြုံးရောင်သန်းနေဆဲပါ။*
*ဒါပေမဲ့ သူဟာ အသက်မရှိတော့ပါဘူး။*
*ပြီးခဲ့တဲ့ နှစ်သစ်ကူး အကြိုညမှာ အေးခဲသေဆုံးသွားရတာပါ။ နှစ်သစ်ရဲ့ နေမင်းဟာပေါ်ထွန်းလာနေပါပြီ။ သူရဲ့ခန္ဓာကိုယ်ရုပ်ကလပ်ကလေးပေါ်မှာ နေမင်းရဲ့ အလင်းရောင်ဟာ ဖြန့်ကျက်လို့ နေပါပြီ။ ခလေးမလေးဟာ အဲဒီမှာ ထိုင်ရင်း မီးခြစ်ပြီးသား မီးခြစ်ဆံတစည်းကို လက်ထဲမှာ ကိုင်ထားဆဲပါ။*

*“သူ့ဘာသာခဏတဖြုတ်လောက်ဖြစ်ဖြစ် အနွေးဓါတ်ကလေးများ ရအောင်လို့ နေမှာပေ့ါ”----လို့ လူတွေက ပြောနေရှာပါတယ်။ သူဟာ ဘယ်လောက်လှပတဲ့ အရာတွေကို တွေ့မြင်သွားခဲ့ရတယ်။ ပျော်ရွှင်ချမ်းမြေ့မှုကို ဘယ်လောင်ခံစားခဲ့ရပြီး သူ့ဘွားဘွားနဲ့အတူ ပျော်ရွှင်ချမ်းမြေ့မှုဆီ ထွက်ခွာသွားခဲ့ပြီဆိုတာကိုတော့ ဘယ်သူမှ မသိလိုက်ကြပါဘူး။ ။*

*ဥရောပစုအတွင်းက ကျော်ကြားလှတဲ့ ဒိန်းမတ် စာရေးဆရာ အန်ဒါဆင်ရဲ့ လက်ရာတပုဒ် ဖြစ်ပါတယ်။*
*စာဖတ်ပရိတ်သတ်ခံစားနိုင်အောင်လို့ ဘာမားကမ်ပိန်းကနေ ဖေါ်ပြလိုက်ရပါတယ်။*